ရှင်ဇယန္တာဘိဓဇ၏

# ပေါရာဏကထာ

---------------

မော်ဘီဆရာသိန်းကြီး၏

# ပေါရာဏကထာ

## နှင့်

# ပေါရာဏကထာ လင်္ကာဟောင်း

ရန်ကုန်မြို့

အမှတ် ၃၄၉၊ ဗိုလ်အောင်ကျော်လမ်း

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

ebook is created by www.ShanYoma.Org

ရှင်ဇယန္တာဘိဓဇ

# ပေါရာဏကထာ

(မှတ်ရန်။ ။ရှင်ဇယန္တာဘိဓဇပေါရာဏကထာမှ
အကျဉ်းချုပ်ကောက်နုတ်ချက်မျှသာ ဖြစ်ပါသည်။ အချို့နေရာ၌
စာကြောင်းမဆန့်၍ (သည်)ကို ဖြုတ်ထားပါသည်။)

| | |
|---|---|
| အထုအထ | များသည် |
| အနက် | များသည် |
| အပင် | မြင့်မြဲသည် |
| အပတ်တကုတ် | အားထုတ် |
| အပြိန်း | များသည် |
| အမွှန် | ရှည်ဝေးသည် |
| အရွေ့ | အများညီညွတ်သည် |
| အလွှံ့ | များပြားသည် |
| အဝှန့် | များပြားကြီးကျယ် |
| အဟိုအဟူ | များသည် |
| အဲခိုး | အားသံ ကြိုးပမ်းသည် |

ebook is created by www.ShanYoma.Org

| | |
|---|---|
| အင်တွဲ | ကြိုး |
| အင်တက် | ရွှင်လန်းနှစ်သက် |
| အင်ရွဲ | နှစ်သက်သည် |
| အင်တန် | ငြင်းဆန်သည် |
| အုပ်အင် | များပြားသည် |
| အုပ်တွေ | အများ |
| ဥသျှိုတင်ကဲ | လှည့်ပတ်၍ အမှုကို ပြုသည် |
| ဦးဖီး | ပျို့ထွားသည် |
| ကစိုကရွှား | လွင့်ပါးသည် |
| ကလိုင်ကလဲ | ပြည့်လျှမ်းလိုက်တက်သည် |
| ကယ် | ပြည့်လျှမ်းသည် |
| ကိတ်ကိတ် | မဖိတ်မစဉ်ရ ချုတ်ချယ်သည် |
| ကုတ်သေ | မထင်မရှားပုန်းအောင်းနေသည် |
| ကျို | များပြားကြီးကျယ်သည် |
| ကျော | ဝတ္ထုတပါးနှင့်မစပ်ယှက်သန့်ရှင်းသည် |
| ကြော့စည်း | သန့်စွမ်းပျို့ရွှယ် |
| ကျိုးကျင်း | ပျို့ရွှယ်သည် |

ebook is created by www.ShanYoma.Org

| | |
|---|---|
| ကျိုင်း | ပျို့ရွယ်ဖွံ့ထွားသည် |
| ကျုံး | ရေတွက်သည် |
| ကွန်းပြောက် | နန်း |
| ခလို | တောင့်တသည် |
| ခဲလှော် | ခဲခက်သည် |
| ခုံတမင် | အလျင်တဆော |
| ခက်တရော် | ကြမ်းတမ်းသည် |
| ချီးချီး | ပူပင်သည်၊ ချက်ဖြုတ်၊ စိုက်ခြည်း၊ သွတ်ခြည်း၊ ဖြုတ်ခြည်း၊ ရုတ်ခြည်း=အလျင်အမြန် |
| ချက်ယိုင် | အလုံးစုံ |
| ချပ်ချပ် | တညီတညွတ် လျင်စွာအမှုကို ပြုသည် |
| ငဆ | နာကျင်စွာ ပြောဆိုခြင်း |
| ငက် | နမြောစုံမက်သည် |
| ငြမ်း | တူသည် |
| ငွါးငွါး | မြင့်သည် |
| စတေ | များသည် |
| စနစ် | အစတုံ့ပြန်ခေါ်ဆို |

ebook is created by www.ShanYoma.Org

| | |
|---|---|
| စဲစဲ | အသစ် |
| စည်ကွင်း | ရှေးအစဉ်အပျက် |
| စွင့်စွင့် | မြင့်သည် |
| စိစွေး | ဆင်ခြင်၍ အမှုပြုသည် |
| စိမ်ချည် | ရက်ရောကြမ်းကြုတ် |
| စိုးစွန်း | အနည်းငယ်မျှ |
| ဆီဆမ်း | ရောနှောယှက်တင် |
| ဆီဆွယ် | ကြီးငယ်နှိုင်းယှဉ် |
| ဆူးဆူးရားရား | ပြင်းထန်စွာ ပြောဟောသည် |
| တစိ | အနည်းငယ် |
| တတောက်ပတ်ပတ် | အထပ်ထပ်အပြန်ပြန် |
| တတောင် | အထပ်ထပ် |
| တပေလွှားလွှား | ကြောင့်ကြစိုးရိမ်များသည် |
| တပြက် | လျင်မြန်သည် |
| တမာ | ကဲ့ရဲ့ချီးမွမ်းခြင်း |
| တမုံမွှားမွှား | အထပ်ထပ် အပြန်ပြန် |
| တမျှင့် | တူမျှသည် |

ebook is created by www.ShanYoma.Org

| | |
|---|---|
| တမွတ် | အထွတ်အမြတ် |
| တရင်း | တဘောင်နိမိတ် |
| တလုံလဲလဲ | ကြိမ်ဖန်များသည် |
| တလည်း | ရေစီးရာအရပ် |
| တသွန် | တူသည်၊ များသည် |
| တီတွတ် | မြည်တမ်း ရေရွတ် |
| တန်စွက် | ဝန်ထုပ်ဝန်ပိုး |
| တန်လှပ် | နေဇာအရောင် |
| တန်သင်း | ငြောင့်ခလုတ် |
| တန့်တီး | ရပ်တန့်သည် |
| တံတိုင်း | နှိုင်းခိုင်းသည် |
| တံထစ် | အချက်ကျ အမှုပြု |
| တံသုတ် | နှင်တံတပြာ |
| တိမ်းမပ် | လိုချင်တပ်မက် |
| တည်းတည်းရင်းရင်း | အတပ်အကြပ်အမှုကို ပြုသည် |
| တောင်တာ | ရှည်လျားမြင့်ကြာသည် |
| တောင်းလောင်း | ပြတ်သည် |

ebook is created by www.ShanYoma.Org

| | |
|---|---|
| တိုင်တည်း | မယိမ်းမဖည်း တည်တံ့မြဲမြံသည် |
| တျင်းတျင်း | ကြွင်းကျန်မရှိ |
| ထက်ရှု | အလုံးစုံမချွတ်မယွင်း |
| ထစ်ထစ် | ထွန်းဝင်းသည် |
| ထပ်ကြပ် | အမြဲမကွာ |
| ထုပ်ချောက် | လျှင်မြန်သည် |
| ထိုင်း | ပိတ်ကွယ်သည်၊ ထွေငေါ်၊ ထွေသံ၊ ထွေသာ= နှုတ်မြွက်သည် |
| ဒက် | လည်ဝတ်ဘယက် |
| နတ်လျော | နတ်နှင့်တူသည် |
| နှရွဲနှရူး | ငိုယိုသည် |
| နှီး | အခင်းအခံ |
| နှီးနွှယ် | ရောပြွမ်းဆွေးနွေး |
| နွှေး | ဆုတ်ခွာသည် |
| နွံ့၊ နှည်း | နှိပ်နင်းအောင်မြင် |
| ပတေပတာ | ရှိသေကောင်းမွန်စွာ |
| ပတောက်ပရစ် | အထွေထွေ မြည်တမ်းသည် |

ebook is created by www.ShanYoma.Org

| | |
|---|---|
| ပလေ | ကဲ့ရဲ့ရှုတ်ချသည် |
| ပေါပေါ | ပေါ်ထွက်သည် |
| ပန်တည် | ခုံပလွှင် |
| ပြတို့ | ထွေးခံ |
| ပျူပျူ | ယဉ်ကျေးစွာ ပြောခြင်း |
| ပြွပြွ၊ ပြက်ပြက် | ထင်မြင် |
| ပျို့ | ထွန်းလင်းသောအရောင်အဝါ |
| ပြယ် | ကုန်ပျောက်သည် |
| ပွမ်းပွမ်း | ညီညွတ်ရုံးစည်း |
| ဖရည် | ရုန့်ရင်းသည် |
| မစည်တရစ် | မနှစ်မသက် ပြုကျင့်သောအမူအရာ |
| မယှောက် | မယွင်းမယို |
| မတော့ | မရှိ |
| မူထား | အလေ့အကျင့် |
| မျက်နှာထိုးထင်း | ရွှင်လန်းကြည်လင်သောမျက်နှာ |
| မြန်လူ | သူစိမ်း |
| မြည့်မြည့် | ကြေညက်သည် |

| | |
|---|---|
| မျည်း | ပျောင်းပျော့သည် |
| မှတ်ကျုံ | ယုံကြည်သည် |
| ယည်ထုတ် | ရေစီးသည် |
| ယည်ဘောင် | ရေ |
| ရဂုံ၊ စေး၊ ဂနိုင်၊ အင်တိုင်း၊ | စိန့်၊ စုံ၊ မြိုင်၊ စေးပျစ်၊ ပြား=တော |
| ရထည်း | ပုဆိုးဖြူ |
| ရူ | များသည် |
| ရေတပျက် | ရေတိမ် |
| ရက်ကန်စွဲ | ရေဝဲ |
| ရည်း | ငုံ့ဆိုင်းသည် |
| ရိုင်းစိုင်း | ဖြောင့်မတ်သည် |
| ရှိရှား | ပင်ပန်းသည် |
| ရှေး | ရှိသည် |
| ရှောင်းရှောင်း | လျှင်မြန် |
| ရွှတ်ရွှတ် | လျှင်မြန်သည် |
| ရွှပ်ရွှပ် | ကြေပျက်သည် |
| ရွှယ်လူး | ပျိုမျစ်သောအရွယ် |

ebook is created by www.ShanYoma.Org

| | |
|---|---|
| ရွှေလျက်၊ ငွေလျက် | ရွှေစိုင်ရွှေခဲ၊ ငွေစိုင်ငွေခဲ |
| လဟာ | အကွယ်အကာမရှိ |
| လေးတွဲ့ | ချစ်ခင်သည် |
| လက်ခတ် | တူမျှသည် |
| လက်ငင်း | ယခုချက်ချင်း |
| လင်းပျောက် | ပြည့်လျှမ်း |
| လောင်လင် | ပင်ပန်းပူဆာ |
| လျပ်လျပ် | လျင်မြန်သည် |
| လျောက်လျား | တင့်တယ်ထိုက်တန်သည် |
| လျူလျူ | လျင်မြန်သည် |
| လုံ့မစောက် | ဖြောင့်မတ်သည် |
| လွေ့လွေ့ | များသည် |
| ဝမ်းတီး | အမျိုးမခြား |
| ဝမ်းပျက် | နှလုံးမနှစ်သက် |
| ဝေ့၊ ဝုတ်၊ ဝိုက်၊ ဝန်း | ဘေးပတ်ပတ်လည် ရစ်သည် |
| ဝှံ့ဝှံ့ | မြင့်သည် |
| သယော | မွတ်သိပ်ခေါင်းပါး |

ebook is created by www.ShanYoma.Org

| | |
|---|---|
| သရစ် | အညွှန့်အဖျား |
| သလင်း | ဖြူသောအရောင်အဝါ |
| သံယံ | ညီညွတ်စွာ စည်းရုံး |
| သင်ချော | စင်ကြယ်သန့်ရှင်း |
| သင်းသီး | ခြားနားသည် |
| သိမ်းပကား | သိမ်းဆည်းသည် |
| သုန် | ပြန်လည်သည် |
| သွေးကျည်း | ဆောင်ယူသည် |
| သွန်းသွန်း | မြင့်သည် |
| ဟုပ် | အလျင်တဆော |

----------------

ebook is created by www.ShanYoma.Org

# မှော်ဘီဆရာသိန်းကြီး

## ပေါရာဏကထာ

(မှတ်ရန်။ ။ပေါရာဏဒီပနီမှ အကျဉ်းချုပ် ကောက်နုတ်ဖော်ပြရာ အချို့စာပုဒ်များတွင် စာကြောင်း မဆန့်၍ (ခြင်းနှင့်သည်)ကို ဖြုတ်ထားပါသည်။

| | |
|---|---|
| အကုံသွန် | မချန်ပေးစွန့် |
| အကျိ | ခဲသည်၊ တွေသည် |
| အကြေ | အောက် |
| အခေါင် | အဝေး၊ အမြင့် |
| အချာ | ပြည်သူ့ဦးထိပ် |
| အစထော်လော် | အစမသေ |
| အညာ | အထက် |
| အတိုင်း | တည်သည်၊ မှတ်မိသည် |
| အတိုင်းပက် | မပျက်မစီး |
| အထွတ် | အမြတ်အဖျား |
| အဓွန့် | ဝေးသောခရီး |

ebook is created by www.ShanYoma.Org

| | |
|---|---|
| အနက် | ဥစ္စာပစ္စည်း |
| အပ | အပြင် |
| အပုံ | အများ |
| အဖြာဖြာ | အမျိုးမျိုး |
| အမာ | အမာရွတ်အနာ |
| အမုံ | အငုံ |
| အမျက်သည်းလွန် | အမျက်ပြင်းထန် |
| အရည်း | ရသေ့ရဟန်း |
| အလားအလား | ရှေးဖြစ်လတ္တံ့အကြောင်းကို မျှော်ရှုခြင်း |
| အလေးအလှောင်း | မတည်တံ့နိုင်အောင် ဆင်းရဲကြီးစွာခံရသည် |
| အလျှက် | အရောင်အပြား |
| အသောင်း | အမာ၊ အဆံမရှိ |
| အသစ်စဲစဲ | အသစ်စက်စက် |
| အသည်အလာ | မင်းခစား မဟုတ်သူ |
| အသည်ကြီး | သူဌေးသူကြွယ် ကုန်သည်ကြီး |
| အဟုန် | ပြင်းထန်သည် |
| အာမသာ | ရန်ရှင်းကြမ်းတမ်း |

ebook is created by www.ShanYoma.Org

| | |
|---|---|
| အားရမ်း | နှစ်သက်ရွှင်လန်း |
| ဥကသ် | မြတ်သောတံခါး |
| ဥသုံ | အလုံးစုံ |
| ဦးလုံး | ဆံထုံး၊ သျှောင် |
| အဲခိုး | အားထုတ်သည် |
| အဲမောင်း | စစ်သုံးလှံတမျိုး |
| ဩ | အရှိအသေပြုခြင်း |
| အော်လဲ | စကားမပြောခြင်း |
| အော်လဲလဲ | အဖန်ဖန် |
| အက်ကား | ရွှင်မောသည် |

အင်တက်၊ အင်ခြိုက်၊ အင်ပြည့်၊ အင်ရွှဲ=နှစ်သက်သည်

| | |
|---|---|
| အင်တိုင်း | အင်ပင်တော |
| အန်ကိုး | အားကိုး၊ အားစိုက် |
| အန်ထောင် | ကြိုးပမ်းသည် |
| အန်မရ | ထောက်လှမ်းမမှီ |
| အမ်းချ | ကိုယ်တိုင်အားထုတ် |
| အုတ်အာ | ဝိုင်းအော်သည် |

| | |
|---|---|
| အုပ်ကျက် | ဆုညံသည် |
| အုပ်တွေ | တစု၊ တအုပ် |
| အုန်အောက် | ဆွေးမြည့်သည် |
| အောက်အူ | နံစော်သည် |
| အောင့်အေး | စိတ်ရှုပ်ထွေး |
| အိမ်သူ | မယား |
| အိုးတန် | ခိုင်သောအိုး |
| ကစား | မနှစ်သက်ခြင်း |
| ကစဉ့်ကလျား၊ ကစဉ့်ကယဲ၊ ကစဲကယဲ=တကွဲတပြား | |
| ကရည့်ကသည်၊ ကသီကရီ | ရှုပ်ထွေးခြင်း |
| ကလူ၊ ကလူကစာ | နှိပ်စက်ခြင်း |
| ကလျစ်ကလျူ | ကိုယ်တူစိတ်တူ ချစ်သည် |
| ကသယ်မှုန့် | ရေချိုးပြီး လိမ်းစရာ |
| ကဋ္ဌေဝရ | ဆော၊ ဆွေ၊ လူလေ |
| ကူဟာ | ကဝါသည် |
| ကဲလတ် | လွန်သည် |
| ကံကျွေး | အခ၊ ရိက္ခာ |

ebook is created by www.ShanYoma.Org

| | |
|---|---|
| ကုံင | ပြည့်စုံသည် |
| ကောက်ကစင်း | ခရီးလမ်းစဉ် |
| ကက် | ခံတောင်းကြီး |
| ကမ်းနုတ် | မြစ်ကမ်း |
| ကိန်းခို | သစ္စာပြုသည် |
| ကိန်းဝပ် | နေသည် |
| ကျ | မြေပြင်ဖျာပတ်စပါးဝိုင်း |
| ကျီ | စပါးကို  အဆင့်နှင့်ထားခြင်း |
| ကျေးမက် | မြို့ရွာ |
| ကျောငွေ | ငွေကောင်း |
| ကျော့ကျည်း | ပျင်းရိခြင်း |
| ကျိုက်ကျိုက် | ဆူတက်သည် |
| ကျိုင်တံ | အရွယ်နုသည် |
| ကျက်လေ့ | အလေ့အကျက် |
| ကျင်လျင် | ကျွမ်းကျင်ခြင်း |
| ကျင့်မှုနည်း | အမှုအကျင့် |
| ကျည်းဖွပ် | ခဝါဖွပ်ပြီး |

ebook is created by www.ShanYoma.Org

| | |
|---|---|
| ကျည်းရှင် | ဖွင့်ပိတ်ရတံခါး |
| ကျည်းသေ | အမြဲပိတ်တံခါး |
| ကျန်းတော | ကျန်းမာသည် |
| ကျိန်းခို | ကျိန်းဆဲသည် |
| ကျိန်းဝပ် | နေတော်မူသည် |
| ကြငှန်း | အကြီးအမြတ်၊ နန်းတော်၊ တိုင် |
| ကြာခြည် | ကြာခြင်ထောင် |
| ကြေးမုံ | မှန် |
| ကြေးသဲ | ကြေးတွက်သဲမြေ |
| ကြဲသေး | စစ်ဝတ်တန်ဆာ |
| ကြံစိတ်ပြား | ပညာဖြင့်ကြံစည်ခြင်း |
| ကြံတတ် | ပညာရှိ |
| ကြံနက် | ဥစ္စာနှင့်တူသောပညာ |
| ကြံသီး | ဉာဏ်အမြင်အမြော် |
| ကြံသိုင်း | မြော်မြင်သည် |
| ကြက်သရေ | တင့်တယ်လျောက်ပတ်သောအရာ |
| ကြင်ဆွေ | မယား၊ လင် |

Shanyoma

ebook is created by www.ShanYoma.Org

| | |
|---|---|
| ကြင်သူ | မယား |
| ကြည်း | ကုန်းမြေ |
| ကြန့် | အညွှန့်မတိုးခြင်း |
| ကြပ်တိုင်း | စောင့်စည်းသိမ်းအုပ်သည် |
| ကြိုးကျင်း | အားလုံးရွှင်ပြုံးကြသည် |
| ကြောက်ညဉ် | ကြောက်စိတ် |
| ကြွေ့ကြွေ့ | အများမြင်သည် |
| ကွန် | ပျံ့တက်သည် |
| ကွန်းခို | ညဉ့်စက်တဲနန်း |
| ကွန်းထောက် | ခေတ္တနားတဲနန်း |
| ကွန်းပြောက် | မင်းတို့စံအိမ် |
| ကွန့် | မြူးထူးသည် |
| ကွပ်တိုင်း | စောင့်စည်းသိမ်းအုပ်သည် |
| ကွမ်းကျပ် | ကွမ်းအစ် |
| ကွမ်းထည့် | ဆရာမှန်းသည် |
| ကွမ်းထောက် | ကွမ်းတော်စားနေရာ |
| ခမည်း | အဖ၊ အဖေ |

ebook is created by www.ShanYoma.Org

| | |
|---|---|
| ခ–ယ | ရှိသေခြင်း |
| ခင်မင်မွတ်မွတ် | ခင်ခင်မင်မင် |
| ခင်ပွန်း၊ ခင်မွန်း | မယား၊ လင် |
| ခန်းဝါ | နေရာ |
| ခပ်လွှဲ | မျက်နှာလွှဲ |
| ခေါက်နစ် | ပူဆွေးနွမ်းခွေ |
| ခေါင် | ဝေး၊ မာ၊ မြင့်၊ မြတ် |
| ခိုင်ဖြိုး | ပေါ်များခြင်း |
| ခုံတမင် | အလျင်အမြန် |
| ချာချာ | လည်ပတ်ခြင်း |
| ချိ | ခိုင်မာခြင်း |
| ချူပ | ယိုယွင်းသည် |
| ချေချွတ် | ပြောဟောခြင်း |
| ချဲ့ | မြဲမြံခြင်း |
| ချောသွေ့၊ ချောပစ်၊ ချောစား | ကုန်းတိုက်ခြင်း |
| ခြီးသောင်း | ချီးမွမ်း |
| ခြေချောင်း | အငြိမ့်တီးသောမိကျောင်းရုပ် |

| | |
|---|---|
| ချက် | အလည်(အလယ်) |
| ချက်တိုင် | တချက်တည်းတိုင်ရောက် |
| ချက်ပြီး | တချက်တည်းပြီး |
| ချက်ပိုင် | အလုံးစုံအချက်ပိုင် |
| ချက်ဖြုတ် | ဖြုတ်ကနဲဖြစ်သည် |
| ချက်ရှိုင် | တချက်တည်းရှိုင် |
| ချက်သွန် | အကြွင်းမဲ့ |
| ချင်းချင်း | ရဲရဲနီသည် |
| ချစ်ဖက် | မယား၊ လင် |
| ချစ်မော | အထူးချစ်သည် |
| ချဉ်ပေါ် | ချဉ်ပူ |
| ခြည် | အရောင် |
| ချောက်ချား | တုန်လှုပ် |
| ချိုင့်ဝှမ်း | နိမ့်သောမြေအရပ် |
| ခွန်းထောက် | မင်္ဂလာခံယူသောသီချင်း |
| ဂုန်း(ကုန်း) | ရန်တိုက်သည် |
| င–တည် င–ဝ | မထင်မရှား |

| | |
|---|---|
| ငီငွတ် | ညီညွတ် |
| ငီမ | ညီမ |
| ငေါ် | မကောင်းသောအနံ့ |
| ငက် | အသံမြွက်သည် |
| ငက် | အာသာဆန္ဒ |
| ငပ်ငါး | ဟင်းလင်းပွင့် |
| ငမ်းငမ်း | အလွန်အမင်း |
| ငွါးငွါး | အမြင့်၊ အမော် |
| စတော | ဧကန်စင်စစ်၊ ကောင်းသောဘုံဆောင်ခန်း |
| စသား | အစရှိသော |
| စားရရား | ထင်ရှားသည် |
| စီရင်ကျည် | ယွင်းယိုသည် |
| စုလစ် | အမြွတ်အဖျား |
| စုလည်း | ဆံထုံး |
| စူဖာ | စပ်စပ်ဖာဖာ |
| စေလထွန် | ခိုင်းစေသည် |
| စေ့ကျည်း | အကျဉ်းရုံး |

ebook is created by www.ShanYoma.Org

| | |
|---|---|
| စေ့ဆော် | နှိုးဆော်သည် |
| စေ့မြွ | စေ့စေ့မြွမြွ၊ စေ့စေ့စပ်စပ် |
| စဲ | စပါးလေးတင်းဝင်အကွပ်မရှိ နှီးသားယက်သောပုတ်ငယ် |
| စော | မြတ်သည် |
| စောထီး | သူတပါးတို့မှီခိုရာ မြတ်သောသူ |
| စောလျော | ဆင်ခြင်ထောက်ဆ |
| စက် | အိပ်သည် |
| စင်းကော | ဆန်ကော |
| စစ်တမဲ | ဆင်၌ တင်သော အလံ |
| စစ်တလောက် | စစ်မောင်းတီးသည် |
| စည့် | မြေပေါ်ထားသည့်စပါးဝိုင်း |
| စဉ်းချိန် | ချိန်ခွင်တမျိုး |
| စဉ်းမျဉ်း | ဖြောင့်တန်းညီညွတ်သည် |
| စဉ်းလျဉ်း | အမြဲရှိသေစွာ |
| စဉ်းသွား | မြားး(မြွား) |
| စည်းရိုးစည်းတန်း | ခြံအကာအရံ |

ebook is created by www.ShanYoma.Org

| | |
|---|---|
| စန်း၊ စဥ်း | လ |
| စိတ်စေး၊ စိစ္စေး | နာလော့ တိုက်တွန်းသည် |
| စိတ်မျဥ်း | ထိတ်လန့်ခြင်း |
| စိုင်းပြင်း | ထောက်ဆတွေးမြော် |
| စွတ်စွတ်စက်စက် | ရက်စက်ခြင်း ပြုသည် |
| ဆန | မလျောက်ပတ် |
| ဆဝ၊ ဆဝါး | အကြောင်းအရာမသိ |
| ဆူးဆူးရားရား | ဒေါသဖြစ် |
| ဆူးဆူးရည်းရည်း | စိတ်မာန်ပြင်းထန်သည် |
| ဆည်းကျုံကျုံ | အသံတိတ်ဆိတ် |
| ဆက်ဆက် | အမှန်မုချ၊ စောင်မာန်ကြွားသည် |
| ဆန်ကန် | အာဏာလွန်ဆန် |
| ဆိတ်ညံ | အသံတိတ်ဆိတ် |
| ဆောက်ပုတ် | လက်ရိုက် |
| ဆောင်းပါး | လူကြုံပါးစာ |
| ဆွေအိမ်ရှင် | မယား |
| ဆွေမောင် | လင် |

ebook is created by www.ShanYoma.Org

| | |
|---|---|
| ဆွေမယ်နည်း | ချစ်သောမယား |
| ဆွေသည်း | လင်၊ မယား |
| ဖံသီး | အိမ်ရှင်မ |
| ညဲ | မယား၊ မိမ္မ |
| ညဲစော | မိမ္မမြတ် |
| ညဲမ | မိမ္မ၊ နှမ |
| ညိုးပြည် | ရန်ငြိုး |
| ညဥ်-ငြင် | စွဲလမ်းပြုလုပ်သောအရာ |
| ညည်း | မယား၊ မိမ္မ |
| ညွှတ်ခ | ရှိသေသည် |
| ညွှတ်တိမ်း | ကိုင်းညွှတ်သည် |
| ညှိုတမ်း | မျောက်နဲ့စေး |
| ညှင်း | မှုတ်ရသည့်တူရိယာ |
| တအုပ်တအား | အော်ဟစ် |
| တကာ | အများ |
| တချောင်းချောင်း | အစဥ်မပြတ် တစုံတရာရအောင် ပြုလုပ်သည် |
| တစေ့စေ့ | ထပ်ခါထပ်ခါ |

ebook is created by www.ShanYoma.Org

| | |
|---|---|
| တစံ | အမြဲနေသည် |
| တစိုးတစည်း၊ တစိုးတစိ | အနည်းငယ် |
| တစိုင်တခဲ | မသေမပျောက် |
| တတွေ | အများ |
| တနာ | ဂုဏ်၊ တန်ခိုး |
| တပလာ | သစ်ငုတ် |
| တပြေး | အကြောင်းအရာတူ |
| တပြင်–တပြင်း | ပြင်ဘက်ကြမ်းပြင်၊ (ကပြင်) |
| တဖျင်သမ်း၊ တဖျင်ခတ်၊ တဖျင်ခွ၊ တဖျင့်=မညီညွတ် ခြားနားသည် | |
| တဖျင် | တဖန်ပြုခြင်း |
| တမုတ် | သံနှင့်ဖန်ခါးသီးစိမ်သောရေ |
| တမွတ် | အမြတ်အဖျား |
| တရင်း(တြင်း) | တဘောင်သံ |
| တလောက် | စစ်ချီသည် |
| တလုံလဲလဲ | ထပ်တလဲလဲ |
| တလည် | အပါးအနီး |
| တသူ | မိမိအရပ်နှင့်ညီသော, ပိုသော အစောက် |

| | |
|---|---|
| တသုန် | တစုတရုံး |
| တသွန် | တလျှော်ကာတည်း၊ လျင်လျင်မြန်မြန် |
| တုကျွန်း | အတုမရှိ |
| တော် | အသျှင်သခင် |
| တံဆ | နှိုင်းချိန်ညဏ် |
| တံတင်း | သေတ္တာ |
| တံတစ် | မယွင်းမဖည် |
| တံထစ် | ကိုးကွယ်ရာဖြစ် |
| တံပိုး | ရေတိုးတက်သည် |
| တံရှောင်း | ရေပြင် |
| တံလှပ် | ရေထင်ရသောအရာ |
| တံသုတ် | တုတ်တပြာ |
| တက်တူ | အိမ်မြှောင် |
| တက်လောင့်တက်လဲ | ဝမ်း၌ တအုံနွေးနွေးရှိသည် |
| တင်းလင်း | တန်းလန်း |
| တည်းတွ | ကြာနေးသည် |
| တည်းဖြင့်နှ | စာပေတိုက်ဆိုင် |

ebook is created by www.ShanYoma.Org

| | |
|---|---|
| တန်ဆောင် | ဘုရားမီးပူဇော်ရန် ပြာသာဒ် |
| တန်လ၊ တလ္လ | စက်ဆုပ်သည် |
| တောင် | ကြည်းကြောင်းကုန်းကြောင်းခရီး |
| တောင်တဆတ် | စကားမပြေမပြစ်ရှိသည် |
| တောင်မှောင့် | တောင်အရပ် |
| တောင်ဟုန်ကြည်း | အတောင်သံမြည်ခြင်း |
| တောင့် | မြားထည့်သောကျည်တောက် |
| တောင့်ပိုး | ကျမ်းစာများကို ထည့်သောကျည်တောက်၊ သို့ မဟုတ် သေတ္တာ |
| တိုင်းတွ၊ တိုင်းထွာ | ဆင်ခြင်နိုင်သည် |
| တွေးတော | ဆင်ခြင်နိုင်သည် |
| တစ်တစ် | မမေ့မပျောက် |
| တည့်မတ်စူးစူး | ဦးချို |
| တန္တ | သာလွန် |
| တန္တီ | အစဉ် |
| တန္တု | ပုံပမာ |
| တို့ | ထမင်းလေးတင်းချက်ဝင် တောင်းကြီး |

ebook is created by www.ShanYoma.Org

| | |
|---|---|
| တုံသေး | လှာသည်၊ ခေါ်ဝေါ် |
| တိမ်း | ခုတ်ဖြတ်သည် |
| တိမ်းမပ် | ချစ်ခင်သည် |
| တိုက် | ဥစ္စာရတနာပစ္စည်းများ ထားရာ |
| တိုင်တည်း | မယိမ်းမဖည် |
| တိုင်းကား | တိုင်းပြည် |
| ထာမ | အစွမ်းပြသည် |
| ထီးထောင်း | အထောင်, အကွေး |
| ထူး | ဆင်၏ခြေချုပ်ကြိယာ |
| ထူး၊ ထုံး | ငါးများစုဝေးနေရာဌာန |
| ထဲနှီး | အတွင်းခံအဝတ် |
| ထောပေး | ထောပတ်မဖြစ်သေး |
| ထောမနာ | ချီးမွမ်းသည် |
| ထော်လော် | ကြမ်းထမ်းစူးရှ |
| ထံပိုး | လှိုင်းတံပိုး၊ တိုးတက် |
| ထက်တိုင် | ယခုတိုင် |
| ထင်လင်း | မျက်မြင်ထင်ရှား |

| | |
|---|---|
| ထစ်ကြူး | မလျောက်ပတ် |
| ထစ်ထစ် | မျက်မြင် |
| ထပ်ပျို့ | များစွာချစ်ခြင်း |
| ထပ်ရှည့် | ထပ်တူ |
| ထိမ်မြူး | ထိမ်ဝှက်ခြင်း |
| ထုတ်သန်း | ထုတ်ချင်းခပ် |
| ထုံး | အလေ့အကျင့် |
| ထုံးတီး | ထုံးဟောင်း |
| ထိုးထောင်း | အကွေးအထောင့် |
| ထွားကျိုင်း | ကြီးမားသည် |
| ထွေ | အထွေထွေ၊ အများ |
| ထွေငေါ် | ကြဲစည်သည် |
| ထွေသံ | ထွေထွေလာလာ |
| ထွက်နပ် | ညည့်ဝတ်ပြုခြင်း |
| ထွန် | အပြစ်မလွန်မကျူး |
| မှျော | အမှာအထား၊ တော်ပြီ တန်ပြီ |
| ဒေါမား | အိုးကြီး |

| | |
|---|---|
| ဓလေ့ | ထုံးစံအလေ့အထ |

ဓားဆောက်ကမ်း၊ ဓားဆောင်ကမ်း=ရန်သူဘက်က အမှုကူသူ

| | |
|---|---|
| နမျှန်လ | နယုန်လ |
| နရား | ကြောက်ကြိမ်း၊ ကြောက်ဘွယ်ဘနန်း |
| နားမစွင့် | နားမထောင် |
| နဝေနစည်း | နှလုံးမသာယာ နာကြည်းသည် |
| နူးလေဘနန်း | နူးလုမတတ် |
| နေခလည့် | ကောင်းစွာနေရာပေးခြင်း |
| နေဆန်း | ကောင်းစွာနေသည် |
| နံကာလ | ဝါခေါင်လ |
| နက်သတ် | နက္ခတ် |
| နစ်နည်း | အကျိုးနှစ်ပါး |
| နတ်နှယ်တပဲ | နတ်နှင့်အတူတူ |
| နယ်နု | မဲနယ်ရေ |
| နိုးနိုးနန့်နန့် | တုန်လှုပ်သည် |
| နောင်မယ် | အစ်ကိုနှင့်နှမ |
| နိုပ် | ကုန်ခန်းစဉ်ထွက် |

| | |
|---|---|
| နိုင်ငံ | ပြည့်စုံခြင်း |
| နမြော | စုံမက်မြတ်နိုးခြင်း |
| နှစ်ထောက် | မကြားဘူး၊ မကြုံဘူး၊ မတွေ့ဘူး |
| နမ်း | ပြောက်ကျားသောအဆင်း |
| နှောင်းစိုး | ကြာမြင့်သောနောင်အခါ |
| နှုန်း | တူခြင်း၊ အဘိုးထားခြင်း၊ ယှဉ်ပြိုင်ခြင်း |
| နှိုင်းဟော့ | နှိုင်းရှည့်ရာသည် |
| နွယ်တာလ | ဝါဆိုလ |
| ပကတူး | ရှေးဦးရှေးဖျား |
| ပစာ | ထွေထွေရာရာ |
| ပလိဗောဓ | ကြောင့်ကြခြင်း |
| ပရိုဏ်း၊ ပရိုင်း | အကာအရံ |
| ပလီပလာ | လည်ဆယ်ပြောသည် |
| ပလေလက်ချား | စကားပေါ့သွပ် |
| ပိလူ | ပိတုန်း |
| ပူတာခေါင်းရက် | အမိန့်စာချွန်တော်နှင့်ရာဇသံထည့်သောကျည်တောက် |

| | |
|---|---|
| ပြတင်း၊ ပြူတင်း | လေဝင်လေထွက်အပေါက် |
| ပဲစား | ယောက်ျားပျို |
| ပေါပည်း | အများ |
| ပိုလင်းကဲ | အပြည့်အလျှမ်း |
| ပုံတောင်း၊ ပုန်းတောင်း | ဒေါက်အကန့်ရှိသော ရထားလှည်းဘီး |
| ပုံသွေး | နှိုင်းယှဉ်ခြင်း |
| ပတ်ကုံး | အရပ်မျက်နှာ |
| ပန်ထွာ | ရှိသေစွာ တောင်းပန်သည် |
| ပတ်လွှံ့ | ကျော်စောခြင်း |
| ပိတ်တကာသီး | သဘော်သီး |
| ပုစ္ဆန်း | နတ်ထိန်း |
| ပိုင်တန်း | သားသားနားနား ရှိသည် |
| ပေါင်းပည်း | ပေါင်းကုတ် |
| ပျူငှာ | ချစ်ဘွယ်ပြုသည် |
| ပျို့ | နှစ်သက်စေသည် |
| ပျော်ပါး | ကစားခြင်း |
| ပြတဲ | စက်ရာခန်းဆောင် |

ebook is created by www.ShanYoma.Org

| | |
|---|---|
| ပြတို့ | ထွေးခံ |
| ပြဲ၊ ပြယ် | ပြောင်လှောင်သည် |
| ပြောထူ၊ ပြည်းဖြင် | အများ |
| ပြောဖြင် | အများ |
| ပြောဟုန် | များပြားစွာ ခြံရံသည် |
| ပြို | ပြည့်ဖြိုးသည် |
| ပြိုးပြိုး | ပြောင်ပြောင်လက်လက် |
| ပြည့်လိုင်း | ကြွယ်ဝပြည့်စုံ |
| ပွဲ | အကြွင်းမရှိ |
| ပွက်ဟ | မြွတ်ဟ |
| ပွတ်တွန်း | အညီအညွတ်ချောသည် |
| ပွန် | ကျွေပြွန်၊ လိမ္မာသည် |
| ပွန်းတီး | တတ်သိလိမ္မာခြင်း |
| ပွယ် | တောင်းပန်ခယ ပသပူဇော်သည် |
| ပြွေ | ပလွေ |
| ပြွန် | လေ့လာသောအရာ |
| ဖရည် | ယစ်မူးသည် |

ebook is created by www.ShanYoma.Org

| | |
|---|---|
| ဖိုရှုံ့ငြင် | ကြောက်ရွံ့ခြင်း |
| ဖြဖြ | ညီညီညာညာ |
| ဖြား | တောကြီးမြိုင်ကြီး |
| ဖြားယောင်း | သွေးဆောင် |
| ဖြီးဖြီး | များစွာသောအကျိုးစီးပွား |
| ဖြီးထပ် | အများ |
| ဖြီးထွေ | များသည် |
| ဖြူး | ပေးကမ်းဖြန့်ဖြူးသည် |
| ဖြောဖြော | များသည် |
| ဖြိုးဖြိုး | ပြည့်စုံခြင်း |

ဖြင်၊ ဖြင်ညီး၊ ဖြင်မျှ၊ ဖြင့်ပည်း=အများ

| | |
|---|---|
| ဖြင့်ပေါ၊ ဖြင်ပြဲ | အများ |
| ဖြည့်ဖြား | ပေးကမ်းချီးမွမ်း၊ သွေးဆောင်သည် |
| ဖြည့်ဖြူး | ထောက်ပင့်သည် |
| ဖုတ်ကြည်း | မီးတိုက်သည် |
| ဖြုတ်ခြည်း | ခဏ်ချက်ခြင်း |
| ဖွေနှည် | စုံစမ်းခြင်း |

| | |
|---|---|
| ဖြူတော | လင်မယား |
| ဘနန်း | နီးလုဘနန်းစသည် |
| မခေါက်မရက် | နမြောစုံမက်ခြင်း၊ နှစ်သက်ခြင်း |
| မချာ | အစဉ်မပြတ် |
| မငြီးမငွေ့ | မပျင်းမရိ |
| မစံစမာ | လူချမ်းသာသည်၊ အဖျင်းအခွံနှင့်တူသည် |
| မစည်တရစ် | မဖွယ်မရာ |
| မဆူးမရား | မတော်မတည့် ပြောသည် |
| မဆန်မယွက် | မချွတ်မယွင်း |
| မညံ | အသံမပြတ်မစဲ |
| မညောင်း | မကြာခင် |
| မတောက်တခေါက် | ပေါ့ပေါ့တန်တန် |
| မထောင်းတာ | ချောက်ချားခြင်းမရှိ |
| မမြော် | မမြင်၊ မကြည့် |
| မယွန်း | မကောက်မကွေ့ |
| မရေမရာ | မတည်မတံ့ |
| မရဲ | ကြောက်ခြင်း |

| | |
|---|---|
| မရှောက်မယှက် | မချွတ်မယွင်း |
| မရွှံ၊ မရွှံ့ | စကားပြန်မပြော |
| မသကာ | ထန်းလျက်သကာ မဟုတ်သေး |
| မသုန် | နောက်မဆုတ် |
| မသွေ့ | ကိုယ်ချင်းမနီးမနှောရသေး |
| မဟ | မကြာချက်ခြင်း |
| မာယာ | လှည့်ပတ်ဖြားယောင်း |
| မိညဲ | မယား၊ မိမိ၊ နှမ |
| မိသုဇာ | မယား |
| မီးကီး | မီးခဲ |
| မီးတား | အုတ်တံတိုင်း |
| မီးဖွား၊ မီးနေ၊ မီးရှူး | သားသမီးမွေးဖွားသည် |
| မီးမာ | မိမ္မ |
| မုတိမ်း–တန္တ | ခိုးသူ၊ ဒါးမြ၊ မကောင်းကျင့်သူ |
| မူးမူး | နီးလုမတတ် |
| မေးမ | မိမ္မ |
| မေးမြူ | မေးမြန်းသည် |

Shanyoma

ebook is created by www.ShanYoma.Org

| | |
|---|---|
| မဲ့ | မရှိ |
| မင်းဆုံး | အမြတ်ဆုံးမင်း |
| မန်ထုပ် | လျှို့ဝှက်သော နောက်ဆုံးစကား |
| မန်း | ဆန်ကော |
| မယ် | မိမ္ဓ၊ မယား |
| မယ်န | သံချွန်၊ သံမှို |
| မယ်နည်း | ချစ်သောမယား |
| မော်ကွန်း | ထောင်လွှားပြန့်နှံ့အောင် ပြထားသည် |
| မောင်နည်း | ချစ်သောလင်သား |
| မောင်မယ် | လင်နှင့်မယား |
| မိန် | ငြိမ်သက်သည် |
| မိန်းမော | ပူဆွေးတောင့်တ |
| မုတ်နား | မုတ်ဆိတ်မွေး |
| မုတ်သုန် | လေကြောင်း |
| များဖြင် | အများ |
| များမြောင် | ပေါများသည် |
| မျိုးသည်ရင်း | လင်၊ မယား |

ebook is created by www.ShanYoma.Org

| | |
|---|---|
| မျောက်မ | လင်ငယ်နေသော မိမ္မ |
| မျက်ခတ် | မျက်စောင်းထိုး |
| မျက်ဖြော် | မျက်မြင် |
| မျက်နှာမြင် | သားသမီးမွေးဖွား |
| မျက်ရှု | မပြတ်ရှုကြည့်အပ်သူ |
| မျက်ရှင် | ပတ္တမြားကျောက် |
| မျဉ်း | ဖြောင့်တန်းသည် |
| မျဉ်းလျောင်း | ညိုနူးယ်စွာအိပ်နေသည် |
| မှျဉ်း | ပြော့ပျောင်းသည် |
| မြီ | ကြွေးမြီ |
| မြူတေ | ပုလဲ |
| မြူတာအိုး | ပူဇော်သောရေအိုး |
| မြေခေါင် | ရပ်ဝေး |
| မြစ်ထာ | တားမြစ်သည် |
| မြစ်မှောင့် | မြောက်အရပ် |
| မြန်လူ | သူစိမ်း |
| မှန်ကင်း | မြင့်မြတ်သည် |

ebook is created by www.ShanYoma.Org

| | |
|---|---|
| မှောက်တော် | အသျှင်သခင် |
| မွန် | မြတ်သည် |
| မွန်ကြား | သတင်းကြေညာ |
| မွမ်းဖျင် | များသည် |
| ယဂင် | ဆံထုံး |
| ယာယီ | ခရီးသွားသည် |
| ယာယီဆွေး | ရောင်းချ၍တွင်သောကုန် |
| ယုံကြုံ | ယုံကြည် |
| ယဉ်ပါး | ကာမစပ်ယှက်ပေါင်းဘက်ခြင်း |
| ယဉ်ပြောင် | မြစ်ငယ် |
| ယောင်း | သွေ့ခြောက်သည် |
| ယှေးယှေး၊ ယှိုယှို | ပရိယာယ်မာယာ |
| ယွက် | အမြဲတည်သည် |
| ယွင်း | အတည်မဟုတ် |
| ယွန်း | ကောက်ကွေ့သည် |
| ရကင်း | အတီးအမှုတ် |
| ရထည်း | ပိတ်ဖြူ |

| | |
|---|---|
| ရိရှား | ဆင်းရဲပင်ပန်းခြင်း |
| ရှု | ရောနှောသည် |
| ရဲတမ်းခွန် | စစ်ရထားအလံ |
| ရဲလံ | စစ်လှေအလံ |
| ရိုးရင်း | အရိုးအရာ၊ အရိုးအရွက်၊ ပေါင်းဖော်ကြသော အဆွေခင်ပွန်း |
| ရက်ရက် | အလျင်အမြန် |
| ရင်ကျည် | စိတ်ညစ်နွမ်းသည် |
| ရည်ချူ | လှမ်းဆွတ်သည် |
| ရည်ငံ | ရဲရင့်သည် |
| ရည်မွန် | လေးမြတ်သည် |
| ရည်သွား | အရည်အချင်း |
| ရဉ့် | ပြတ်အောင်ဖြတ်သည် |
| ရည်း | ဆုလာဘ်ရသည် |
| ရန်ငူး၊ ရန်ကဲ၊ ရန်ဘဲ | မင်း |
| ရန်နင်း၊ ရန်နည်း | မင်း |
| ရန်လွှင့် | ရန်ကို ဖျောက်လွှင့် |

| | |
|---|---|
| ရပ်တိုက် | တိုင်းခန်းနယ်အတွင်း |
| ရမ္မက် | တပ်နှစ်သက်ခြင်း |
| ရိပ်မြုံ | နေရာ၊ အစုအဝေး |
| ရိပ်ဝှဲ | လည်ဆယ်သည် |
| ရုတ်ခြည်း | ရုတ်တရက် |
| ရုပ်ရုပ် | စားမျိုခြင်း |
| ရောင်ချက် | ညီးညီးထိန်ထိန် တောက်ပြောင်သည် |
| ရောင်းရင်း | ငယ်စဉ်က ပေါင်းဘက်လှာသူ |
| ရှုစအိ | ကြည့််၍ကောင်းသည် |
| ရှေးစိုး | ရှေးအခါ |
| ရှေးရှေး | ရှိရှိ |
| ရှဲ | ရှောင်ခွါခြင်း |
| ရှိုးရှား | အကုန်အစင် |
| ရှိမ်းပြည်း | အရှက်သာသည် |
| ရှောက်ရှာ | မိုဃ်းသီးမိုဃ်းပေါက်ပြင်းထန်သည် |
| ရွှေ့ရွှေ့ | တရွှေ့ရွှေ့ |
| ရွှယ်လူး | လူကလေး၊ လူပျို |

| | |
|---|---|
| ရွှေတောင် | ရွှေနန်း |
| လမိုင်း | လယ်လုပ်သား |
| လမိုင်းထား | မျိုးသန့်စွမ်းကြီးပွားအောင် ထားသည် |
| လဟာ | ကွင်းထီးထီး |
| လုလင် | ယောကျ်ားပျို |
| လုလျောင်း | ငယ်သည် |
| လူပြိန်း | ပညာမျက်စိမရှိ |
| လူသွမ်း | လူမိုက် |
| လေသောက်၊ လေသွန် | လေဝင်လေထွက် အပေါက် |
| လေးတွဲ့ | ဂုဏ်ရှိခြင်း၊ ဆင်ခြင်ခြင်း |
| လေးဖင် | ကြန့်ကြာစောင့်ခြင်း |
| လံမား | ချေးအိုး |
| လုံးပိုးစန့် | ပိုးထိုးသောစပါးအဖျင်းအခွံ |
| လက်ငံ | လက်ဆော့ |
| လက်နက် | လက်တွင်း၌ ရှိသော ဥစ္စာ |
| လက်မယဉ် | လက်ရိုင်းသည်၊ ခိုးယူတတ်သည် |
| လင်မိတ် | အဖော်မိတ်ဆွေ |

| | |
|---|---|
| လင်းယဉ် | လှေရှက်တိုင် |
| လယ်တာ | လယ်ကွင်းကျယ်သည် |
| လယ်နက် | လယ်မှထွက်သောဥစ္စာ |
| လုပ်ခွန် | လယ်ယာခြံမှထွက်သော အသီးအနှံ |
| လုပ်နက် | ရောင်းဝယ်ဖောက်ကား၍ရသောဥစ္စာပစ္စည်း |
| လောင်လင် | ကျွမ်းလောင်ခြင်း၊ ပြင်းပြစွာ ရှိခြင်း |
| လျကြည်း | ကိုယ်ဟန်သေးသွယ် |
| လျာ | အလောင်းအလျာ၊ ယာထားခြင်း |
| လျစ်လျူ | ဂရုမပြု၊ ဖာသာနေသည် |
| လျပ်လျပ် | လျင်လျင်မြန်မြန် |
| လှူလှူ | ရုတ်တရက်၊ ပြုဆဲ |
| လုံမစောက် | မဖောက်မပြန် |
| လျှင်ခု | မြန်မြန် |
| လှည့်တွန် | မလေးမစား |
| လှန်ကန် | အပြန်ပြန်၊ ဗီဆန် |
| လွေ့လွေ့ | အားရနှစ်သက်မှတ်သားရန်၊ ပေးကမ်းခြင်း |
| ဝါသနာ | စွဲလမ်းပြုမူခြင်း |

Shanyoma

ebook is created by www.ShanYoma.Org

| | |
|---|---|
| ဝေ့ | လယ်သည် |
| ဝေးမြင့် | လွန်လေသောအခါ ဝေးသောခရီး |
| ဝဲလင်း | ဝဲပျံသည် |
| ဝေါဟာရ | ယခုပြောဆိုကြသောစကား |
| ဝှေ့ | တိုးသည် |
| ဝှဲခြီး | ချီးမြှောက်၊ ကောင်းကြီးပေးသည် |
| ဝန်းကျင် | အရပ်ရှစ်မျက်နှာ |
| ဝန်းလျားဝန်းပတ် | ဝန်းရံသည်၊ ခြံရံသည် |
| ဝှန်တက်၊ ဝှန်ဝါ | ပျံ့နှံ့ကျော်စောခြင်း |
| ဝှမ်း | နိမ့်ရှိုင်းသောနေရာ |
| သအောက်သအုံ | မှုန်မှုန်ဆန်ဆန်ပြုသည် |
| သနင်း၊ သစ်နင်း | ဘုရင်မင်း |
| သမီးမောင်နှံ | လင်မယား |
| သမဲ | သားလုလင် |
| သမိုက်၊ သမုတ် | ထင်ရှားအောင် ပြုလုပ်ခေါ်ဝေါ်ခြင်း |
| သမိုင်း | အစဉ်ထင်ရှားအောင်စီကုံးသောစာ |
| သယောက် | တိတ်တိတ်လင်ငယ်နေသောမိမ္မ |

ebook is created by www.ShanYoma.Org

| | |
|---|---|
| သရဲ | လွှဲခွါသည် |
| သရောခိုင်း | ငတ်မွတ်ဘေး |
| သရစ် | အညွန့်၊ အညှောက် |
| သရိုင် | စပါးရိုင်ပတ် |
| သလင်းရထည် | ပိတ်ဖြူ |
| သဝန် | အမှာစာ |
| သဟယ်၊ သဟဲ | အပေါင်းအဖော် |
| သဟောက် | ညစ်ညမ်းသည် |
| သားချင်း | တမိတဖတည်းမွေးသူ |

သည်းကြား၊ သည်းချာ၊ သည်းဖျား=သားနှင့်သမီး

| | |
|---|---|
| သူကျက် | ဆွေမျိုးတော်သူ |
| သူစိမ်း | ဆွေမျိုးမဟုတ်သူ |
| သေတ္တု | အဆီအနှစ် |
| သောကား | ထောင်လွှား |
| သံတူလ | သီတင်းကျွတ်လ |
| သံပဟုံးစုံး | မာန်မူကြိမ်းဝါး |
| သံပိုင်း | အစဉ်ပြောပလောက်သောအကျဉ်းချုပ်စာ |

ebook is created by www.ShanYoma.Org

| | |
|---|---|
| သံပျင် | ကျေးရွာအများကို အုပ်ချုပ်ရသောမြို့သူကြီး |
| သက် | အောက်သို့ ဆင်းသည် |
| သင်ခိုင် | သီးခြားပေးသည် |
| သက်တင် | သက်တန့် |
| သက်ပန် | တသက်ပတ်လုံး |
| သက်ယိုက်ရှော | ဘဝပြောင်း |
| သက်လျာ | လင်၊ မယား |
| သစ်ခြောက် | စပါးကြီးမြွေ |
| သစ်ဆင်း | တော်သလင်းလ |
| သင်ခမ်း | ရသေ့ရဟန်းကျောင်း |
| သင်းချော | စင်ကြယ်သည် |

သည်းခေါင်၊ သည်းဦး၊ သည်းပွတ်၊ သည်းညှာ=သားနှင့်သမီး

| | |
|---|---|
| သည်းတွင်း | အသည်းနှလုံး |
| သန်ကာ | ဝါခေါင်လ |
| သမ်းမို့ | အမျက်ထွက်ခြင်း |
| သိမ်းပကား | သိမ်းဆည်း |
| သိမ်းမြန်း | ထိန်းသိမ်းသည် |

| | |
|---|---|
| သုတ် | လျင်လျင်မြန်မြန် |
| သုန်သုန် | အစဉ်မပြတ်စီးဆင်းသည် |
| သိုက် | ငှက်တို့ဥထားသောနေရာ၊ မြေကြီးအတွင်း၌ ရတနာရွှေငွေ ရှိသောနေရာ |
| သိုက်ခြုံ | တိရစ္ဆာန်ငှက်တို့ နေရာအရပ် |
| သောင်းသောင်း | တသင်းတအုပ် ညံစီသွားလာသည် |
| သျှောင် | ယောင်ထုံး၊ ဆံထုံး |
| သွေးစုန်း | ၁၃ နှစ်ရွယ်မိမ္မ |
| သွေးသီ | ပြောဆိုခြင်း |
| သွတ်လှယ် | မပြတ်မစဲ |
| သွန်းရရွှန်း | ထက်မြက်ခိုင်ခံ့ |
| သွန်းသွန်း | ဖြစ်ပွားထွန်းကားခြင်း |
| ဟာရတီး | ဆင်းရဲပင်ပန်း |
| ဟိုတက် | အိမ်မြှောင်ကောင် |
| ဟုတ်စလိလိ | ဟုတ်လိမ့်နိုးနိုး |
| ဟုပ် | ဒါးမြ |
| ဟိန်းခို | ရှိန်းခို |

Shanyoma

ebook is created by www.ShanYoma.Org

| | |
|---|---|
| ဟိန်းခိုသီး | သဘော်သီး |
| ဟောက်၊ ဟုတ်ကဲ | မှန်ပါ၏။ |

---------------------------

ebook is created by www.ShanYoma.Org

# ပေါ်ရာဏကထာ လင်္ကာဟောင်း

၁။ မှတ်သိစေလို…သွေးချို–တောင့်တ၊ ဆုရကားရည်း၊ ယမ်းပြည်း–ရှိသေ၊ ရဝေကား–နန်း၊ သလွန်း–တန္တ၊ ဒီမျှ–အမှာ၊ လာလာတုံသေး၊ တန်ဆေး–တမန်၊ တဖန်–မလျောက်၊ စောကျော–ထောက်သည်၊ တလည်–ပါးနီ၊ အိုးကြီး–ဒေါ်မား၊ တော်ကား–အရှင်၊ ကန်တွင်–မည်ရှုန်း၊ ပိတုန်း–ပိလူ၊ ပစ္စုဆိုရိုး–ပုဆိုးဖြူရောင်၊ အိမ်မြှောင်–ဟိုတက်၊ ကြီးလျက်ရုပ်ဆင်း၊ မယွင်း–တက်တူ၊ မြန်လူ–သူစိမ်း၊ ခပ်သိမ်းသွားလား၊ နေနား–တုန်လှုပ်၊ လုပ်သည်ကိုပိုး၊ ဆိုသည်ကား–ညောင်း၊ မောင်း–စစ်တလောက်၊ ရွှေမှောက်–သနင်း၊ မင်းကိုဆိုမြဲ၊ သူရမ်းပဲမှု–သူ၏အကျင့်၊ ဝေးမြင့်–လွန်လေ၊ ဆိုပေ–လင်္ကာ၊ ပျို့ကဗျာတွင်၊ များစွာထုံးနည်း၊ သို့ချည်းနှင်နှင်၊ သဘောမြင်၍…ဉာဏ်ရှင်ရှာဖွေ–သိတတ်စေ။

၂။ မှတ်လော့ သိသာ…များစွာ–ဥဒဟို၊ ရေးဆို–မဆွ၊ များလှ–ခပဲ၊ သရဲ–လွှဲခွာ၊ ဖွေရှာ–စူးစား၊ လက်ချားပလေ–ဆိုထွေ ပေါ့လျော့၊ ကျော့ကျည်း–ပျင်းရိ၊ ပလိဗောဓ–ကြောင့်ကြဆိုထွေ၊ ရောင်လေ–လှိုးလွှဲ၊ လင်းကဲတဖြာ–မကွာစပ်ကြား၊ မီးတားပရိဏ်း–တံတိုင်းမှတ်မိ၊ သိသည်–ဂီဝါရ၊ ကိုက်ထအလို၊ ဆိုသည်ဖြားယောင်း၊ အသောင်း–မမာ၊ မြဲစွာ–စင်းလျင်း၊ ယွင်းသည်မဟုတ်–နှာမြှုပ် ဆိုဘိ၊ ဦးကြိုထိမှု–သိသည်အကုံ၊ ခုံတိုင်–ဥပြုံး၊ အိုးဖုံး–စလောင်း၊ ပုပ္ပောင်းကားခြုံ၊ ပတုံပလုံ့–အကြွင်းမဲ့သည်၊ ကြိုးကြည်–အားထုတ်၊ မုန်ဟုတ်–တွင်ကျယ်၊ ဓဝယ်ညှင်း–အုတ်ကြွန်၊ ရှုံ့ညွှန်–တန်စီး၊ ပြုံးတီး–ကြေပျက်၊ ငေါက်–မသာ၊ နားမှာ မဆန်း၊ နွယ်လန်း–နှာမောင်း၊ မြောင်းမြီ–အမွေ၊ ထွေငေါ်–နှုတ်ပွက်၊ ထက်တိုက်–ခုတိုင်၊ မနိုင်ရန်သူ–ဦးမှုမတောင်း၊ ကြောင်းအတူတူ–ဟူသည်တရထည်၊ ဖဲကြဉ်–ရှောင်ခွာ၊ ကွယ်ရာမဲ့ပဲ–တိလင်းကျဲတိ၊ သိသည်ဝတ်ကြေ–မြောက်မြေပိုင်ဆန်း၊ မာကြမ်း–ခရော်ခရွတ်၊ သွတ်လှယ်–မည်ံ၊ တမံ–ဤသို့၊ စကားတို့ကို…မှတ်ဘို့တထွေ–တတ်လှစေ။

၃။ မှတ်ပေအမြဲ…အော်လဲလဲတိ၊ ဆိုဘိ ကြိမ်များ၊ စကားဥသုံ–အကုန်အစင် ၊ ဖူးမြင်–ချက်တွေ့၊ သွား၍ဟူသည်–မဖည်မယိမ်း၊ ကြောက်ကြိမ်း–ကျောက်တန်၊ ကောင်းမှန်–ပိတ်စပ်၊ သင့်မြတ်–သရဘေး၊ ဝေးသည့်မြေခေါင်၊ သံလျှောင်–ရစ်ပတ်၊ ဟည်းပတ်–မြည်သံ၊ အမ်ချ–အားထုတ်၊ အစုတ်–ကုန်မြောက်၊ ချီးမြှောက်–ဝဲ့ချီး၊ အတီး–နိမိတ်၊ ဒလိဒ္ဒလာ–ကျန်ရာအထီး၊ ကျီးကျူး–ချွတ်လွဲ၊ အမြဲ–ပြုတ်တု၊ ရမ္မ–ကုတ်ကော်၊ သရော်–ညှီစေး၊ စင်ဆေး–တီးတွက်၊ ကွန်တက်–လွင့်မြောက်၊ သအောက်သအုံ–မှုံမှုံဆန်ဆန်၊ ရန်ကာ–ဆောက်အူ၊ အိပ်မူ–မျောက်မျည်း၊ စေးချည်း–ကြည်ယုံ၊ ဆုမ္မ–ကံမြစ်၊ ရာစစ်ဆိတ်မော်၊ စောကျော်–ထောက်ချင့်၊ နှေးလင့်–စိုပြည်၊ ခဲသည်–ခက်လှော်၊ နံစော်–အုံအောက်၊ ကောက်ကစင်း–လမ်းဆို၊ မြင့်သည်ကို–ငွါး၊ ကြည်းကား–ကြင်နာ၊ ရှင်မှာ–ဖအဲ၊ ဆိုသုံးစွဲသည်…အမြဲမှတ်လေ–သိတတ်စေ။

၄။ မှတ်ပေသိနိုင်…ဂလိုင်–လှိုက်ဆူ၊ ခိုးသူ–မောသော၊ တောကား–ဟောဝန်၊ မန်းမူ–စကော၊ သင်းချော–ပွတ်တွန်း၊ အဝန်း–ပတ်လည်၊ ထက်ချည်–ယိုဖိတ်၊ မိတ်ကျွမ်းဝင်–သဟော၊ လှေဝယ်ပဲ့စီး–တမုန်ကြီးဟု၊ ကယုကယင်–ပြုပြင်လျှောက်ပါ၊ နှောင်ခါ–ယခေါင်၊ ထောင်ထောင်ထားထား–သောကားဆိုပြီး၊ လုံးသီးလုံးပေါ်–သဘောစေ့စပ်၊ အပ်–မရာထွေ၊ ခြေမနင်းမိ၊ ဂုဏ်ရှိ–လေးတွဲ၊ ကွပ်ကဲ–ကြီးရာ၊ ခြေမှာ–ခပ်မိ၊ ထိသည်–မယှပ်၊ သင်းချပ်တီးမှု–ဟူသည် အုတ်ကျက်၊ မနှစ်သက်ကို–ဆိုသည်သိမ်းပြည်း၊ လျင်လည်း–တောက်တပို၊ ထိုမှခဏ–တဒင်္ဂတိ၊ သနိ သနဲ–အခွဲအခြမ်း၊ ညှီတမ်းအစေး–ဆိုရေးမျောက်နဲ့၊ မင်းပွဲ စိုက်ထူ–ဟူသည် အလံ၊ ခေါ်မှန် ထူးခြား၊ ရထား–ရဲတံခွန်၊ လှေမွန်–ရဲလံ၊ ဆင်လံ–စစ်တမဲ၊ ကွဲလွဲဆိုလုပ်၊ ငုတ်သည်အလန်၊ ခြားနားဟန်ကို…မှတ်ကြံသိထွေ–တတ်လှစေ။

၅။ မှတ်လေကြံစည်၊ ဆိုမည်တဖုံ…ဖားခုံဖားဆင်း–ချွတ်ယွင်းလည်းဟူ၊ အထူ အကင်း၊ သင်းသီး–တခြား၊ မှုံစား–နှိုးဆော်၊ ဖွဲ့နွဲ့သော်မူ–ပတူပယင်၊ ရှောင်းတခင်–လျင်တဆော၊ မနော–အတင့်အသရေ၊ မရှိသေမှု–ပအူပစေး၊

သန္ဓေး–ပြောက်ကြေ၊ လွှဲထွေတသာ၊ ဝါကျိတ်–ဝက်ခုတ်၊ စည်ပုတ်လင်းကွင်း–ခွက်ခွင်းဆိုမြို့၊ မခို့သရို့–ချို့သည် လုံ့လ၊ မြောက်မှ–မြစ်အောက်၊ ဖောက်ဖောက်ပြန်ပြန်–မဆန်မဖီ၊ ရှူအီထိန်းထိန်း–စိန်းလိန်းတင်းလင်း–ပြီးခြင်းရှုမိ၊ သိသိမြင်မြင်–လူတွင်ကလေးကလား၊ လျင်လျားသောတိ၊ မရှိလေတန်၊ ဆိုပြန်တည့်ဝေး–အလေးအကံ၊ လံပါးအင်စောက်၊ ပင်ရောက်သစ္စေး–ချေးဟုဆိုရှောင်း၊ မဟောင်းနွှမ်းကို–မမိုမရွှား၊ စကားရှေ့စဉ်၊ လင်္ကာယဉ်သည်…စိတ်ရည်ကောင်းထွေ–သိတတ်စေ။

ပေါ်ရာဏကထာ လင်္ကာဟောင်း ပြီး၏။